

# လမ်းဟောင်းကို ပြန်သွားခြင်း

မြန်မာနိုင်ငံမှ ယုံကြည်ချက်ကြောင့်
အကျဉ်းချခံရသူ မျိုးဆက်သစ်တစ်ရပ်

AMNESTY INTERNATIONAL


ရပ်
STOP
ရပ်
STOP





**၂၀၁၅ နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံတွင် အများက မျှော်လင့်နေကြသော အထွေထွေရွေးကောက်ပွဲများ ကျင်းပတော့မည် ဖြစ်ပါသည်။ ဤရွေးကောက်ပွဲများမှာ နှစ်ပေါင်း ငါးဆယ်ခန့် စစ်အုပ်ချုပ်ရေး အပြီး သမ္မတဦးသိန်းစိန် ၏ အရပ်သားတစ်ဝက် အစိုးရ ၂၀၁၁ ခုနှစ်တွင် တက်လာပြီးသည့်နောက် ပထမဆုံး ကျင်းပသည့် အထွေထွေရွေးကောက်ပွဲ ဖြစ်သည်။**

ရွေးကောက်ပွဲများ ကျင်းပချိန်သည် အစိုးရက ၎င်းတို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ပြီး တိုးတက်ဖြစ်ထွန်းမှုများ ရရှိနေပါပြီဆိုသော သတင်းစကားကို နိုင်ငံတကာ အသိုင်းအဝိုင်းကို ပြသနိုင်ခဲ့ပြီဟူသော မျှော်လင့်ချက်များ ရှိနေချိန်လည်း ဖြစ်ပါသည်။

> **"ရွေးကောက်ပွဲတွေ နီးလာတာနဲ့ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုသူအများအပြားလည်း အဖမ်းခံလာရတယ်၊ ကျွန်တော်ကတော့ တော်တော် စိတ်ပူပါတယ်၊ တက်ကြွလှုပ်ရှားသူတွေ စွဲချက်အမျိုးမျိုးနဲ့ ရင်ဆိုင်ရတယ်၊ ဒီအခြေအနေကို အစိုးရက ဖန်တီးထားတာပါ၊ ကြိုက်တဲ့အချိန်မှာ ကြိုက်တဲ့သူကို သူတို့ ခေါ်သွားလို့ ရနေတယ်။"**
>
> *မန္တလေးမှ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ တစ်ဦး၊ ဇူလိုင် ၂၀၁၅။*

သို့ရာတွင် တက်ကြွ အားကောင်းစပြုလာသော မြန်မာ့ အရပ်ဖက် လူ့အဖွဲ့အစည်း အသိုင်းအဝိုင်းမှ လူအများ အကြားတွင်မူ ပြည်တွင်း အခြေအနေများမှာ အစိုးရပုံဖော်သလောက် လှပတင့်တယ်မှု မရှိကြပေ။ ၂၀၁၄ခုနှစ် နှစ်ဆန်းမှ စတင်၍ အစိုးရသည် ယခင် စစ်အစိုးရအသုံးပြုခဲ့သော နည်းလမ်းများအတိုင်း ပြည်တွင်းမှ ငြိမ်းချမ်းသော လှုပ်ရှားမှုများနှင့် အတိုက်အခံ အသံများကို ဖိနှိပ်ချုပ်ခြယ်ရန် ကြိုးပမ်းလာခဲ့သည်။ လူ့အခွင့်အရေး လှုပ်ရှားသူများ၊ နိုင်ငံရေး လှုပ်ရှားသူများနှင့် အရပ်ဖက် လူ့အဖွဲ့အစည်းမှ လှုပ်ရှားတက်ကြွသူများသည်း ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းလှုပ်ရှားခွင့်နှင့် စုဝေးခွင့်များကို ပိုမိုတင်းကြပ်စွာ ဖိနှိပ်ကန့်သတ်မှုများနှင့် ရင်ဆိုင်လာကြရသည်။ အကျိုးဆက်မှာ မိမိတို့၏ အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးသူ အများအပြား ဖမ်းဆီးထိန်းသိမ်းခံလာရပြီး မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရသော မျိုးဆက်အသစ်တစ်ခု ပေါ်ထွန်းလာခြင်း ဖြစ်သည်။

> **"၂၀၁၂ နဲ့ ၂၀၁၃ မှာတော့ အခြေအနေတွေက အများကြီးကောင်းခဲ့ပါသေးတယ်၊ ၂၀၁၄ ကနေ ၂၀၁၅ ရောက်လာတော့ လူတွေ စွဲချက်တွေတင်ခံရ ထောင်ချခံရတာတွေ ဖြစ်လာတယ်။"**
>
> *သက်သက်အောင် (နိုင်ငံရေး အကျဉ်းသူဟောင်း) ဇွန် ၂၀၁၅။*

> **" အာဏာပိုင်တွေက တက်ကြွလှုပ်ရှားသူတွေ၊ မီဒီယာတွေအထဲက ခေါင်းဆောင်တွေကို ဦးတည် ပစ်မှတ်ထားလာတယ်၊ အထူးသဖြင့် ရွေးကောက်ပွဲတွေကို စောင့်ကြည့်လေ့လာတာတွေ လုပ်နိုင်မယ့်သူ၊ တချို့ နိုင်ငံရေးပါတီတွေ အတွက် တက်တက်ကြွကြွ မဲဆွယ် လှုပ်ရှားပေးနိုင်မယ့် လူမျိုးတွေကို ပေါ့။"**
>
> *အောင်မျိုးကျော်၊ နိုင်ငံရေး အကျဉ်းသားဟောင်း၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့-အေအေပီပီဘီ အဖွဲ့ဝင်၊ ဇွန် ၂၀၁၅။*

နိုင်ငံတကာ၏ ဖိအားပေးမှုများကြောင့် သမ္မတ ဦးသိန်းစိန်သည် ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များတွင် အကျဉ်းသားပေါင်းများစွာကို ပြန်လွှတ်ပေးခဲ့ပြီး ယင်းအထဲတွင် ယုံကြည်ချက်ကြောင့် အကျဉ်းချ ခံနေရသူများလည်း ရာနှင့်ချီ၍ ပါဝင်ခဲ့သည်၊ အချို့မှာ အကျဉ်းထောင်ထဲတွင် ဆယ်စုနှစ်တစ်ခု မက နေခဲ့ရသူများ ဖြစ်သည်။ ဤသို့ လွှတ်ပေးမှုများကြောင့် မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ပိုမိုလေးစားမှုများ ရှိလာတော့မလားဆိုသည့် သတိနှင့် အပြုသဘော ရှုမြင်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ အပြန်အလှန်အားဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှလည်း မြန်မာအာဏာပိုင်များအနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ အဓိပ္ပါယ်ပြည့်ဝပြီး ရေရှည်တည်တန့်မည့် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ပေးလာတော့မည်ဟု ယုံကြည်လျက် ဖိအားများကို လျှော့ပေးခဲ့သည်။

> **"သူတို့မှာ ဥပဒေမျိုးစုံရှိပါတယ်။ ဘယ်သူ့ကို မဆို သူတို့ကြိုက်ရာ ပုဒ်မနဲ့ စွဲဆိုလို့ရတယ်၊ တစ်ချိန်တည်းမှာပဲ လူထုမှာ အခွင့်အရေးတွေရှိပါတယ်ဆိုတာကိုလည်း ဟန်ဆောင်ပြသချင်ကြတယ်၊ ဒါပေမယ့် သူတို့အတွက် ဒါမှ မဟုတ် သူတို့အကျိုးစီးပွားအတွက် ပြဿနာရှိလာပြီလို့ ယူဆရင်တော့ ချက်ခြင်းဖမ်းမှာပါပဲ။"**
>
> *မင်းကိုနိုင်၊ ယုံကြည်ချက်အကျဉ်းသားဟောင်းနဲ့ ၈၈မျိုးဆက် ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်း ခေါင်းဆောင်၊ ဇွန် ၂၀၁၅။*

သို့သော် ယင်း ထင်ကြေးမကိုက်ခဲ့ကြပေ၊ ပြင်ပဖိအားများ လျော့ကျသွားခဲ့ပြီးနောက် ပြည်တွင်းတွင် အားကောင်း၍ အသံကျယ်လောင်လာသော အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ရင်ဆိုင်လာရသောအခါ အစိုးရသည် ၎င်းတို့၏ နည်းလမ်းဟောင်းများကို အလျင်အမြန် ပြန်ကျင့်သုံးလာခဲ့ပါသည်။ ရွေးကောက်ပွဲများ နီးလာသည်နှင့် ဖိနှိပ်မှုများ ပိုမို ပြင်းထန်လာကာ အာဏာပိုင်များသည် နည်းလမ်းပေါင်းစုံကို သုံး၍ တက်ကြွလှုပ်ရှားသူများနှင့် စည်းရုံးလှုပ်ရှားသူများ လမ်းပေါ်တွင် ရှိမနေအောင် ပြုလုပ်လာခဲ့သည်။ ဤနည်းလမ်းများထဲတွင် စကားလုံးအတိအကျ အဓိပ္ပါယ်ဖော်မထားသော တင်းကြပ်သည့် ဥပဒေများကို သုံးခြင်း၊ ငြိမ်းချမ်းစွာလှုပ်ရှားနေသူများကို အာမခံ မပေးနိုင်သည့် အမှုများဖြင့် စွဲဆို ချုပ်နှောင်ထားခြင်း၊ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်းတို့ ပါဝင်သည်။

ယနေ့အချိန်တွင် ယုံကြည်ချက်ကြောင့် ဖမ်းဆီးချုပ်နှောင်ခံနေရသူ အတော်များများ အကျဉ်းထောင်များ ထဲတွင် ရှိနေကြပြီး၊ ရာချီသောသူများမှာလည်း မိမိတို့၏ အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးခဲ့ရုံနှင့် ပုဒ်မအသီးသီးနှင့် စွဲဆိုခံထားရပြီး အကျဉ်းချခံရမည့် အခြေအနေနှင့်ရင်ဆိုင်နေရပါသည်။ ဤသို့သော ဆန္ဒပြကျောင်းသားများ၊ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများ၊ မီဒီယာ သမားများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ အထူးသဖြင့် မြေယာနှင့် အလုပ်သမားအရေးဆောင်ရွက်သူများ စသော ကိုယ်ယုံကြည်ရာကို ဆောင်ရွက်သဖြင့် ဖမ်းဆီးခံရသော အကျဉ်းသားမျိုးဆက်သစ်များ ရှိလာခြင်းသည် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အပေါ် အရေးတကြီး မေးခွန်းထုတ်စရာများ ဖြစ်လာပါသည်။

## ယုံကြည်ချက်ကြောင့် ချုပ်နှောင်ခံရသော အကျဉ်းသားဆိုသည်မှာ?

တစ်စုံတစ်ယောက်သည် သူ၏ နိုင်ငံရေး၊ ဘာသာရေး (သို့) ခိုင်မာသော အခြား ယုံကြည်မှု၊ လူမျိုး၊ ကျား-မ၊ အသားအရောင်၊ ဘာသာစကား၊ မွေးဖွားရာ နိုင်ငံ(သို့) လူမှုအသိုင်းအဝိုင်း၊ စီးပွားရေးအခြေအနေ၊ မွေးဖွားရာ၊ လိင်စိတ်အခြေနေ (သို့) အခြား အနေအထား၊ သို့မဟုတ် သူ၏ လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့် (သို့) အခြား လူ့အခွင့်အရေးများကို ကျင့်သုံးခြင်း (ထိုကဲ့သို့ ကျင့်သုံးရာတွင်လည်း အကြမ်းမဖက်ခြင်း၊ အကြမ်းဖက်ခြင်း၊ အမုန်းပွားစေခြင်းတို့ကို အားပေးထောက်ခံမှု မပြုခြင်း) တို့ကြောင့် အကျဉ်းကျခံရခြင်း (သို့) ရုပ်ပိုင်းဆိုင်ရာအားဖြင့် ကန့်သတ်ထိန်းချုပ်ခံ ရပါက ထိုသူကို ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူဟု အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်ယူ သည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ အားလုံးကို ချွင်းချက်မရှိ ချက်ခြင်းလွှတ်ပေးရမည်။ ၎င်းတို့ ရင်ဆိုင်နေရသော အမှုအခင်းများအားလုံးကို ရုပ်သိမ်း၍ ၎င်းတို့အပေါ် စွဲဆိုထားသော စွဲချက်များ အားလုံး ပယ်ဖျက်ပေးရမည်။

**LEFT**
၂၀၁၄ ဇူလိုင်လ ၁၂ ရက်နေ့က သမ္မတဦးသိန်းစိန် မြန်မာငြိမ်းချမ်းရေးစင်တာသို့ လာရောက်စဉ် သတင်းသမားများက ဆန္ဒပြနေပုံ © ရိုက်တာ/စိုးဇေယျာထွန်း

# မြန်မာနိုင်ငံမှ ယုံကြည်ချက်ကြောင့် ဖမ်းဆီးခံနေရသူ အကျဉ်းသားအသစ်များ



## ကျောင်းသားခေါင်းဆောင် မဖြိုးဖြိုးအောင်

၂၀၁၅ ခုနှစ် မတ်လ ၁၀ရက်နေ့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသော ကျောင်းသားများကို ရဲများက အကြမ်းဖက်ဖြိုခွဲချိန်တွင် မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် အထင်ရှားဆုံးသော ကျောင်းသား လှုပ်ရှားမှုများ ထဲမှ တစ်ခုဖြစ်သည့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) ခေါင်းဆောင် တစ်ယောက် ဖြစ်သော မဖြိုးဖြိုးအောင်လည်း အဖမ်းခံခဲ့ရသည်။ ၎င်းအားယခုအခါ ပဲခူးတိုင်းထဲမှ သာယာဝတီ အကျဉ်းထောင်ထဲတွင် ချုပ်နှောင်ထားပြီး ထောင်ဒဏ်ကိုးနှစ်အထိ ချမှတ်ခံရနိုင်သော နိုင်ငံရေးရည်ရွယ်ချက်ဖြင့် စွဲဆိုထားသော စွဲချက်မျိုးစုံနှင့် ရင်ဆိုင်နေရပါသည်။

မြန်မာနိုင်ငံပါလီမန်က ပညာရေးဥပဒေသစ်ကို ပြဋ္ဌာန်းလိုက်ပြီး မကြာခင်မှာပင် ကျောင်းသား ဆန္ဒပြမှုများ ဖြစ်ပေါ်လာပါသည်။ ဤဥပဒေက ပညာရေးလွတ်လပ်ခွင့်ကို ကန့်သတ်သည်ဆိုကာ ကျောင်းသားများက ပြင်ဆင်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဖေဖော်ဝါရီလ အစောပိုင်းတွင် မဖြိုးဖြိုးအောင်နှင့် အခြားကျောင်းသားများ ခေါင်းဆောင်သော အဖွဲ့က မြန်မာနိုင်ငံတဝန်း ကျောင်းသား စစ်ကြောင်းလေးခုခွဲ၍ ချီတက်ပြီး နိုင်ငံ၏ အဓိက မြို့ကြီးဖြစ်သော ရန်ကုန်တွင် စစ်ကြောင်းများ ဆုံကြရန် စီစဉ်ခဲ့သည်။ ကျောင်းသားများ ရန်ကုန်ရောက်ခါနီးတွင် အခြေအနေတင်းမာလာကာ မတ်လ ၁၀ ရက်နေ့တွင် ကျောင်းသားများက ရဲအရံအတားများကို ဖောက်ထွက်ရန် ကြိုးစားရာမှ ထိပ်တိုက်တွေ့ခဲ့ကြသည်။ ရဲများက ဆန္ဒပြသူများကို နံပတ်တုတ်များနှင့် ရိုက်နက်ခဲ့ပြီး လဲကျနေသူများကိုပါ ရိုက်နက်ခဲ့သည်။

မဖြိုးဖြိုးအောင်နှင့် အခြား ဆန္ဒပြကျောင်းသားများ၊ ကျောင်းသားခေါင်းဆောင်များ၊ ၎င်းတို့ကို ဝန်းရံပေးသူများ စုစုပေါင်း ၁၀၀ ကျော်တို့မှာ ဥပဒေမဲ့ အစုအဝေးတွင် ပါဝင်ခြင်း၊ လူစုခွဲရန် ပြောကြားမှုကို မနာခံပဲ ဥပဒေမဲ့ အစုအဝေးကို ဆက်လက်လုပ်ဆောင်နေခြင်း၊ မငြိမ်မသက်ဖြစ်အောင် လုပ်ဆောင်ခြင်း၊ ဝန်ထမ်းတစ်ဦးကို ၎င်း၏တာဝန်ထမ်းဆောင်နေမှုကို ဟန့်တားခြင်း၊ နာကျင်စေခြင်း၊ နိုင်ငံတော်တည်ငြိမ်မှုကို ပျက်ပြားစေရန်ကြံရွယ်ချက် ဖြင့် ဆူပူအောင်လှုံ့ဆော်ခြင်း အစရှိသော စွဲချက်မျိုးစုံနှင့် ရင်ဆိုင်နေရပါသည်။

"နိုင်ငံသားကောင်း တစ်ယောက်အနေနဲ့ တိုင်းပြည်တည်ဆောက်ရေး၊ တိုင်းပြည်ကို ပြုပြင်ပြောင်းလဲရေး နဲ့ စနစ်ကိုတော်လှန်ပြောင်းလဲရေးမှာ ကျွန်မတတ်နိုင်တဲ့ နည်းလမ်းနဲ့ ဘယ်နေရာကပဲ ဖြစ်ဖြစ် ပါဝင်လုပ်ဆောင် သွားချင်ပါတယ်။"

*ယုံကြည်ချက်အကျဉ်းသူ ဖြိုးဖြိုးအောင်၊ ဇွန် ၂၀၁၅။*

**ABOVE**

၂၀၁၅ မေလအတွင်းက မဖြိုးဖြိုးအောင်ကို တရားရုံးချိန်းတစ်ခုတွင် တွေ့ရစဉ်
© ကိုယ်ပိုင်ဓာတ်ပုံ

**BELOW**

၂၀၁၃ ဒီဇင်ဘာလ ၃၁ ရက်နေ့က အင်းစိန်ထောင်မှ လွတ်လာသော ကိုထင်ကျော်ကို အားပေးသူများက နှုတ်ဆက်နေစဉ်
© စိုးသန်းဝင်း/AFP/Getty Images

"ကိုထင်ကျော်ရဲ့ စိတ်ဓာတ်က ခိုင်မာနေပါတယ်၊ သူ အပြင်ပြန်ရောက်လာရင် သူ့အလုပ်တွေ ဆက်လုပ်ဖို့ စိတ်ပိုင်းဖြတ်ထားပါတယ်။"

*ဒီမိုကရေစီရေး စဉ်ဆက်မပြတ်လှုပ်ရှားသူများ အဖွဲ့ဝင်တစ်ဦး၊ ဇူလိုင် ၂၀၁၅။*

## ရပ်ရွာအရေး လှုံ့ဆော်လှုပ်ရှားသူ ကိုထင်ကျော်

ထင်ရှားသောတက်ကြွလှုပ်ရှားသူတစ်ဦးလည်းဖြစ် အစိုးရကို ပွင့်ပွင့်လင်းလင်းဝေဖန်လေ့ရှိသူလည်း ဖြစ်သူ ကိုထင်ကျော်ကို ၎င်း၏ ငြိမ်းချမ်းသော နိုင်ငံရေး လှုပ်ရှားမှုများကြောင့် စုစုပေါင်းထောင်ဒဏ် ၁၃ နှစ်နှင့် လေးလ ချမှတ်ခံထားရပါသည်။ သူသည် ဒီမိုကရေစီရေး စဉ်ဆက်မပြတ်လှုပ်ရှားသူများအဖွဲ့၏ ခေါင်းဆောင်ဖြစ်ပြီး ၎င်းတို့အဖွဲ့မှာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ခြင်း၊ ချိုးဖောက်ခံရသူများနှင့် မိသားစုများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုများကို တောင်းဆိုလှုပ်ရှားနေသော ရပ်ရွာအခြေပြု အဖွဲ့တစ်ခု ဖြစ်သည်။

ကိုထင်ကျော်ကို အခု ရန်ကုန်မြို့ရှိ အင်းစိန်ထောင်တွင် ချုပ်နှောင်ထားပါသည်။ ၂၀၁၄ မေလ ၅ ရက်နေ့က ရန်ကုန်မြို့တွင် အစိုးရကို ဝေဖန်ပြီး ပါလီမန်ကိုယ်စားလှယ်များ နှုတ်ထွက်ပေးရန် တောင်းဆိုသော မိန့်ခွန်းပြောကြားပြီး စာရွက်စာတန်းများဝေနေစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ သူ့ကို ကနဦးက နိုင်ငံတော်ကို ဆန့်ကျင်ပြီး တည်ငြိမ်မှုပျက်ပြားအောင် ဆူပူမှုဖြစ်အောင် လှုံ့ဆော်မှု စွဲချက်ဖြင့် စွဲဆိုခဲ့သော်လည်း နောက်ပိုင်းတွင် သူ၏ ငြိမ်းချမ်းသော နိုင်ငံရေးလှုပ်ရှားမှုများနှင့် ဆက်စပ်သော နောက်ထပ်စွဲချက်များကိုပါ တင်လာခဲ့သည်။ ယင်းတို့အထဲတွင် မြေယာသိမ်းမှုများကို ဆန့်ကျင်သည့် အနေနှင့် ၂၀၁၄ ဧပြီ နှင့်မေလများက ပြုလုပ်ခဲ့သော ၎င်း၏ ငြိမ်းချမ်းသော ဆန္ဒပြမှုများကိုပါ စွဲချက်တင် ခဲ့သည်။

ကိုထင်ကျော်ကို ပစ်မှတ်ထားသော အာဏာပိုင်များ၏ လုပ်ရပ်ကို ပြသနေသည့် အချက်တစ်ခုမှာ ၎င်းအား စွဲဆိုချက် တစ်ခု အတွက် ၎င်း စာရွက်ဝေခဲ့သော မြို့နယ် ၁၁ ခုမှ ထောင်ဒဏ် အသီးသီး ချမှတ် ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ပြစ်ဒဏ် စုစုပေါင်းမှာ နှစ်ရှည်ထောင်ဒဏ်တစ်ခု ဖြစ်သွားခဲ့သည်။ မြန်မာနိုင်ငံတွင် ပြစ်ဒဏ်များကို တစ်ပေါင်းတည်း မကျခံရပဲ သီးခြားစီကျခံရသည်။

ကိုထင်ကျော်နှင့် ၎င်း၏အဖွဲ့အား လုံးဝ နှုတ်ဆိတ်သွားစေလိုသော အာဏာပိုင်တို့၏ ပိုင်းဖြတ်ချက်အား ထင်ရှားစေသည့် အချက်မှာ ကိုထင်ကျော် ထောင်ဒဏ်ကျခံရသည့် အချိန်မှာစပြီး ဒီမိုကရေစီရေး စဉ်ဆက်မပြတ်လှုပ်ရှားသူများအဖွဲ့မှ အဖွဲ့ဝင် ကိုးဦးထပ်မံ အဖမ်းခံရပြီး သုံးယောက်မှာ ယခုအထိ အကျဉ်းထောင်ထဲတွင် ဆက်ရှိနေသေးခြင်းဖြစ်သည်။



# စဉ်ဆက်မပြတ် ဆန္ဒပြသူ နော်အုန်းလှ

နော်အုန်းလှသည် လယ်ယာမြေသိမ်း ကိစ္စများတွင် လယ်သမားများဖက်မှ လိုက်ပါ ကူညီဆောင်ရွက် ပေးနေသော ထင်ရှားသည့် တက်ကြွ လှုပ်ရှားသူ တစ်ဦး ဖြစ်ပြီး သူ၏ ငြိမ်းချမ်းစွာ ဆန္ဒပြ လှုပ်ရှားမှု များအတွက် ခြောက်ကြိမ် ထောင်ဒဏ်ချခံရပြီးသူ တစ်ယောက် ဖြစ်သည်။ ဆန္ဒထုတ်ဖော်မှုများအတွက် သူ့ကို ထောင်ဒဏ် ငါးနှစ်ကျော်ချမှတ်ထားပြီး ဖြစ်သည်၊ နောက် ထပ်စွဲချက်အများအပြားနှင့်လည်း ရင်ဆိုင်နေရဆဲ ဖြစ်ပြီး ယခုအခါ အင်းစိန်ထောင်အတွင်းတွင်ရှိနေပါသည်။

ရန်ကုန်မြို့ရှိ တရုတ်သံရုံးရှေ့တွင် ငြိမ်းချမ်းစွာဆန္ဒပြမှုတစ်ခုတွင် ပါဝင်အပြီး နော်အုန်းလှကို အာဏာပိုင်များက ၂၀၁၄ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ပြီးခဲ့သည့် တစ်ပတ်ခန့်က လက်ပံတောင်းကြေးနီ စီမံကိန်းတွင် ကန့်ကွက်ဆန္ဒပြမှုတစ်ခုကို ရဲက အင်အားအလွန်အကျွံသုံး ဖြိုခွင်းခဲ့မှုကို စုံစမ်းစစ်ဆေးပေးရန် နော်အုန်းလှ အပါအဝင် လူ ၁၀၀ ခန့်က တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ အာဏာပိုင်များက နော်အုန်းလှနှင့် အခြားသူ ခြောက်ဦးတို့ကို နိုင်ငံရေးအရစွဲဆိုသော စွဲချက်များ ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် လှုံ့ဆော်မှု အပါအဝင် စွဲချက်များဖြစ့် တရားစွဲဆို ခဲ့သည်။

စွဲချက်များက ထိုနေရာတွင် ပြီးမသွားသေးပါ၊ နော်အုန်းလှကို ဆန္ဒပြရာနေရာသို့ အသွားအပြန် သူ ဖြတ်သွားသော မြို့နယ် ခြောက်ခုတွင်လည်း ခွင့်ပြုချက်မရပဲ ဆန္ဒပြမှုများဖြင့် ထပ်မံစွဲဆိုခဲ့ပါသည်။ ထို့အပြင် ၂၀၁၄ ခုနှစ်အတွင်း သူပါဝင်ခဲ့သော ငြိမ်းချမ်းသည့် ဆန္ဒထုတ်ဖော်ပွဲများနှင့် ဆက်စပ်သော စွဲချက်များလည်း ထပ်တပ်ခဲ့ပါသည်။ ယင်းစွဲချက်များအတွက် ပြစ်ဒဏ်များ မချမှတ်ရသေးပါ။

အာဏာပိုင်များက ဥပဒေကို လိုသလိုအသုံးပြုပြီး တက်ကြွလှုပ်ရှားသူတွေကို အရေးယူချင်ရင် ယူနိုင်ကြောင်း အကောင်းဆုံး သာဓကတစ်ခုကို ဒေါ်နော်အုန်းလှ ပါဝင်ခဲ့သည့် ၂၀၀၇ ခုနှစ်က ဆန္ဒပြမှုတစ်ခုနှင့် ဆက်စပ်၍ တွေ့ရသည်။ ယင်းအချိန်က နေအိမ်တွင် အကျယ်ချုပ် ကျခံနေရဆဲ ဖြစ်သော အတိုက်အခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြား ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးအတွက် ဒေါ်နော်အုန်းလှ ဦးဆောင်ပြီး ရွှေတိဂုံဘုရားတွင် ငြိမ်းချမ်းသော ဝတ်ပြုဆုတောင်းပွဲ တစ်ခု ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် ခြောက်နှစ်ကြာခဲ့ပြီး ၂၀၁၃ ဒီဇင်ဘာလ ရောက်မှ သူ့အား ယင်းဆုတောင်းပွဲနှင့် ဆက်စပ်ပြီး သာသနာတော် ညှိုးနွမ်းစေမှုနဲ့ စွဲချက်တင်ထားကြောင်း ပေါ်လာခဲ့ပါသည်။ ယင်းမှ နောက်ထပ် တစ်နှစ်နှင့် ခြောက်လထပ်အကြာ ၂၀၁၅ ဇွန်လ ၂၆ ရက်နေ့တွင် ဒေါ်နော်အုန်းလှအား ပြစ်မှုထင်ရှားသည်ဆိုကာ ထောင်ဒဏ် ခြောက်လ ပစ်ဒဏ်ချခဲ့ပါသည်။

**BELOW**
၂၀၁၃ ဒီဇင်ဘာလ ၃၁ ရက်နေ့က အင်းစိန်ထောင်မှ လွတ်လာအပြီး မီဒီယာများနှင့် စကားပြောနေသော ဒေါ်နော်အုန်းလှ
© စိုးသန်းဝင်း/AFP/Getty Images

**RIGHT**
ဇော်ဝင်း
© ကိုယ်ပိုင်ဓာတ်ပုံ

**BELOW RIGHT**
၂၀၁၅ စက်တင်ဘာလ ၁ ရက်နေ့က ရုံးချိန်းတစ်ခုအတွင်း လက်ထိပ်နှင့်တွေ့ရသော ဦးထင်လင်းဦး
© Burma Campaign UK

> “အခုတော့ အာဏာပိုင်တွေက နည်းဟောင်းတွေကို ပြန်သုံးလာကြပါတယ်။ သူတို့လိုချင်တာ ဖြစ်ဖို့ လူထုကို ဖိအားပေးတာ၊ ဖမ်းဆီး ချုပ်နှောင်တာ လုပ်ရမယ်လို့ ယူဆထားကြတယ်၊ ရွှေတိဂုံဘုရား ကိစ္စနဲ့ ပတ်သက်ပြီး ဒေါ်နော်အုန်းလှကို တရားစွဲတာကို ကြည့်ရင် သိသာပါတယ်။ ဒါ သူတို့ ကျွန်တော်တို့ကို ဖမ်းချင်ရင် ဖမ်းလို့ရတယ်ဆိုတာကို ပြနေတာပါပဲ။”

*မိုးသွေး၊ နိုင်ငံရေး အကျဉ်းသားဟောင်းနှင့် မျိုးဆက်သစ်လူငယ်များ အစည်းအရုံးကို တည်ထောင်သူ၊ ဇွန် ၂၀၁၅။*



## တစ်ကိုယ်တော် ဆန္ဒပြသူ ဦးဇော်ဝင်း

မန္တလေးတိုင်း ပြင်ဦးလွင်မြို့မှ ရှေ့နေတစ်ဦးဖြစ်သူ ဦးဇော်ဝင်းသည် လယ်မြေသိမ်းခံရသော လယ်သမားများအတွက် အခမဲ့ ဥပဒေအကြံပေးအဖြစ် ဆောင်ရွက်ပေးနေသူ ဖြစ်ပါသည်။ တရားစီရင်ရေးစနစ်တွေမှာ မမျှမတ ဖြစ်နေတာတွေကို မကြေနပ်နိုင်လာတဲ့ အတွက် ဆန္ဒပြခဲ့ခြင်း ဖြစ်သည်။

၂၀၁၄ မေလ ၂၉ ရက်နေ့က သူ လိုက်ပါဆောင်ရွက်နေသော အမှုတစ်ခုအတွက် ဦးဇော်ဝင်း ပြင်ဦးလွင်ခရိုင် တရားရုံးသို့ ရောက်ခဲ့သည်။ နေ့တယ် ၁ နာရီခွဲခန့် အရောက် အမှုခေတ္တနားချိန်တွင် သူသည် မြို့နယ်တရားရုံးရှိရာသို့ အေးချမ်းစွာ လမ်းလျှောက်သွားခဲ့ပြီး ခရိုင်ရုံးသို့ ပြန်လာခဲ့သည်။ ဤသို့ လျှောက်သွားရာ လမ်းတလျှောက်တွင် သူသည် မီဂါဖုန်းတစ်ခုဖြင့် ကြွေးကြော်သံများ ဟစ်ကြွေးပြီး မတရားသော တရားသူကြီးများကို ဖယ်ရှားပေးရန် နှင့် တရားစီရင်ရေးစနစ် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။

ဤကဲ့သို့ ဆန္ဒပြအပြီးတွင် ဦးဇော်ဝင်းသည် ခရိုင်ရုံးသို့ ပြန်၍ ၎င်း လိုက်ပါဆောင်ရွက်နေသော အမှုကို ဆက်လက်ကြားနာခဲ့ပါသည်။

သုံးလခန့်ကြာပြီးနောက် ဩဂုတ်လ ၂၅ ရက်နေ့တွင် ၎င်း၏ နေအိမ်သို့ ရဲများရောက်လာ၍ ဖမ်းဆီးခဲ့ပါသည်။ ဥပဒေအရ စုဝေးခြင်းဆိုသည်မှ တစ်ဦးထက်ပိုသောသူများ ပါဝင်ခြင်းကို ဆိုလိုသော်လည်း ဦးဇော်ဝင်းကို ခွင့်ပြုချက်မရပဲ ဆန္ဒပြမှုဖြင့် စွဲဆိုခဲ့သည်။ ၎င်းအား ပုဒ်မ ၅၀၅ (ခ) ဆူပူအောင်လှုံ့ဆော်မှုဖြင့်လည်း စွဲချက်တင်ခဲ့သည်။ ဤပုဒ်မမှာ အာမခံ မရသော ပုဒ်မ ဖြစ်ပြီး အစိုးရကို ဝေဖန်သူများအပေါ် စွဲဆိုလေ့ရှိသည့် စွဲချက်တစ်ခု ဖြစ်သည်။

ဦးဇော်ဝင်းအား ၎င်း၏ အမှုကို ကြားနာစစ်ဆေးနေစဉ်ကာလအတွင်း ယခုအခါ မန္တလေး အိုးဘိုထောင်တွင် ချုပ်နှောင်ထားပါသည်။



**“တရားရုံးတွေက မမှန်မကန်လည်း လုပ်တယ်၊ လာဘ်ငွေလည်း ယူတယ်။ ကျွန်တော်တို့က ဒါကို ကန့်ကွက်တင်ပြတယ်၊ ဒီနေ့အထိ ဘာမှ အရေးမယူဘူး။ ဖိနှိပ်မှုတွေကလည်း တိုးနေတယ်၊ ကျွန်တော်က လယ်သမားတွေအတွက် လုပ်ပေးနေတော့ ကျွန်တော့်ကို ပိုဖိအားပေးတာပေါ့။ ဒါကို မကြေနပ်လို့ ကျွန်တော် ဆန္ဒပြတာပါ။”**

*ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရသူ ဦးဇော်ဝင်း၊ မေလ ၂၉ ရက် ၂၀၁၄။*



## ဦးထင်လင်းဦး သည်းခံခြင်းကို ကိုယ်စားပြုသည့် အသံ

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အဓိက အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူ လုပ်ခဲ့ဖူးသော စာရေးဆရာ ဦးထင်လင်းဦးသည် စစ်ကိုင်းတိုင်းအတွင်းတွင်ပြုလုပ်သည့် စာပေဟောပြောပွဲတစ်ခုတွင် ဟောပြောခဲ့သည်။ ယင်းသို့ ဟောပြောရာတွင် သူက ဗုဒ္ဓဘာသာကို အသုံးချ၍ ခွဲခြားဆက်ဆံမှုများ တိုးမြှင့်အောင်၊ အမုန်းပွားအောင် လုပ်ဆောင်နေမှုများကို ဝေဖန်ပြောကြားခဲ့သည်။ ပရိသတ် ၅၀၀ ခန့်ကို နှစ်နာရီကြာပြောကြားသော ဟောပြောချက်အတွင်း သူက ဘာသာရေးကို အသုံးချပြီး အမုန်းသွားအောင်လုပ်နေသည်ဆိုသော အုပ်စုများကို ဝေဖန်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း ဘာသာရေးအရ သည်းခံစိတ်များနည်းပါးနေချိန်တွင် ၎င်းက ယခုကဲ့သို့ ဟောပြောခဲ့ခြင်း ဖြစ်သည်။

နောက်ပိုင်းရက်များတွင် ၎င်း၏ဟောပြောချက်များထဲမှ ၁၀မိနစ်စာခန့်တည်းဖြတ်ထားသော ဗီဒီယိုဖိုင်တစ်ခု ဆိုရှယ်မီဒီယာများပေါ်တွင် ပြန့်နှံ့ခဲ့သည်။ ဟောပြောသော အကြောင်းအရာအပြည့်အစုံမပါဝင်သော တည်းဖြတ်ထားသည့် ရုပ်သံဖိုင်ကြောင့် လူအများ၊ အထူးသဖြင့် သဘောထားတင်းမာသော အမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာအုပ်စုများအကြားတွင် ဒေါသအမျက်ထွက်မှုများ ဖြစ်ပွားခဲ့သည်။ ချောင်းဦးရဲစခန်းတွင် ၎င်းအား အမှုဖွင့်တိုင်ကြားမှု ဖြစ်ခဲ့ပြီး ၂၀၁၅ ဇွန်လ ၂ ရက်နေ့က ဘာသာတရားကို စော်ကားမှုဖြင့် ဦးထင်လင်းဦးအား တရားရုံးက အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။ ယခုလောလောဆယ်တွင် အမှုကို အယူခံဝင်ထားပြီး ဦးထင်လင်းဦးသည် စစ်ကိုင်းတိုင်း မုံရွာထောင်တွင် ရှိနေပါသည်။

**“ထောင်ထဲမှာ နေရပေမယ့် ဦးထင်လင်းဦးက ကျန်းမာရေးကောင်းပါတယ်၊ စိတ်ဓာတ်ကလည်း ခိုင်မာနေပါတယ်။ သူ့ကို သွားတွေ့တိုင်း သူက သူ့အမှုအကြောင်း၊ သူ့အကြောင်း မပြောဘူး၊ နိုင်ငံရေး အခြေအနေတွေ အကြောင်း၊ လာမယ့် ရွေးကောက်ပွဲတွေ အကြောင်းပဲ ပြောချင်တယ်။”**

*ဦးသိန်းသန်းဦး၊ ဦးထင်လင်းဦးအတွက် လိုက်ပါဆောင်ရွက်ပေးနေသည့် လူ့အခွင့်အရေး ရှေ့နေ၊ ဇူလိုင်လ ၂၀၁၅။*



## မျိုးမင်းမင်း၊ နိုင်ဌေးလွင်၊ နိုင်ဇော်ကြည်ဝင်းနှင့် သူဇော်ကြည်ဝင်း အလုပ်သမားအရေး လှုပ်ရှားသူများ

အထည်ချုပ်အလုပ်သမားများ ဆန္ဒပြရာတွင် ဦးဆောင်ပါဝင်ခဲ့မှုနှင့် အလုပ်သမားအရေးလှုပ်ရှားသူလေးဦး အဖမ်းခံထားရပြီး စွဲချက်များနှင့် ရင်ဆိုင်နေရပါသည်။ ရန်ကုန် ရွှေပြည်သာစက်မှုဇုံရှိ စက်ရုံများမှ အလုပ်သမားများသည် ၂၀၁၅ ဖေဖော်ဝါရီ ၂ ရက်နေ့က လုပ်ခလစာတိုးတောင်းရင်း ချီတက်ဆန္ဒပြခြင်း၊ သပိတ်စခန်းများ ဖွင့်ခြင်းတို့ ပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အလုပ်သမားများ၏ တောင်းဆိုချက်များကို သတင်းစာရှင်းလင်းပွဲလုပ်၍ မီဒီယာများကို ရှင်းလင်းပြောကြားအပြီးတွင် အလုပ်သမားသမဂ္ဂခေါင်းဆောင်များ ဖြစ်သော မျိုးမင်းမင်းနှင့်  နိုင်ဌေးလွင် တို့နှစ်ယောက် အဖမ်းခံခဲ့ရသည်။

နောက်လေးရက်အကြာတွင် အသက် ၂၂ အရွယ် ကျောင်းသားတစ်ဦး ဖြစ်သော နိုင်ဇော်ကြည်ဝင်းကို စက်ရုံအလုပ်သမားတစ်ဦး၏ နေအိမ်တွင် အရပ်ဝတ်ရဲများက လာရောက် ဖမ်းဆီးခဲ့သည်။ သူသည် အလုပ်သမားများကို ဆန္ဒပြရန် ခွင့်ပြုချက်တောင်းခံခြင်း ကိစ္စ အပါအဝင် ၎င်းတို့၏ အခွင့်အရေးများ အတွက်အကြံပေးနေသူ ဖြစ်ပြီး ဆန္ဒပြပွဲများကို အင်အားသုံး ပြီး မဖြေရှင်းရန် ရဲများနှင့် ဆွေးနွေးညှိနှိုင်းရန် ကြိုးစားခဲ့သူလည်း ဖြစ်သည်။

သူ၏ အစ်ကို ဖြစ်သူ သူဇော်ကြည်ဝင်းကိုလည်း နောက်လေးရက်အကြာ မတ်လ ၄ ရက်နေ့တွင် သပိတ်မှောက်နေသော အလုပ်သမားများက ၎င်းတို့၏ ဆန္ဒပြပွဲကို ရွှေပြည်သာ စက်မှုဇုံမှ ရန်ကုန် မြို့တော်ခန်းမအနီး ဆူးလေဘုရားသို့ ရွှေ့ပြောင်း ပြုလုပ်ရန် ဆုံးဖြတ်အပြီးတွင် ရဲများက ဖမ်းဆီးလိုက်သည်။ ချီတက်လမ်းလျှောက်လာကြပြီး မကြာမီတွင်ပင် ရဲများက ဆန္ဒပြသူများကို ဝိုင်းရံပိတ်ဆို့ထားလိုက်ကြသည်။ ဆန္ဒပြသူတချို့ ဖမ်းဆီးခံလိုက်ရသော်လည်း မကြာမီမှာပင် ပြန်လွှတ်ပေးခဲ့သည်။ သူဇော်ကြည်ဝင်းကို အနီးအနားရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်နေစဉ် ဖမ်းဆီးသွားခြင်း ဖြစ်သည်။

စက်တင်ဘာလ ၁၁ ရက်နေ့တွင် မျိုးမင်းမင်းနှင့် နိုင်ဌေးလွင်တို့ကို နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုပျက်ပြားအောင် လုပ်ဆောင်မှု၊ ခွင့်ပြုချက်မရပဲ ဆန္ဒပြမှု နှင့် ဆန္ဒပြခွင့်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်မှုတို့ဖြင့် ထောင်ဒဏ် နှစ်နှစ်နှင့် ခြောက်လစီ ပြစ်ဒဏ်ချခဲ့သည်။ သူဇော်ကြည်ဝင်း နှင့် နိုင်ဇော်ကြည်ဝင်းတို့လည်း အလားတူ နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု ပျက်ပြားအောင် လုပ်ဆောင်မှု စွဲချက်များနှင့် စွဲဆိုခံထားရပြီး စီရင်ချက်ချမည့် အချိန်ကို စောင့်နေကြရဆဲ ဖြစ်သည်။ အမှုများရင်ဆိုင်နေရဆဲ အချိန်တွင် ၎င်းတို့ လေးဦးစလုံး အင်းစိန် အကျဉ်းထောင်တွင် ထိန်းသိမ်းခံနေရပါသည်။

> **"ရဲတွေက မေးခွန်းတွေ စုံနေအောင်မေးပါတယ်။ ဘယ်သူက ဆန္ဒပြပွဲတွေကို စီစဉ်တာလဲ၊ ဘယ်သူက လူတွေကို စည်းရုံးတာလဲဆိုပြီး အထပ်ထပ်မေးပါတယ်။ မျိုးမင်းမင်းနဲ့ နိုင်ဌေးလွင်တို့ရဲ့ ဓာတ်ပုံတွေကို ပြပြီး သူတို့က နောက်ကွယ်က စီစဉ်တာလားဆိုပြီးမေးတယ်၊ မင်းနောက်ထပ် ပြဿနာရှာရင် မင်းကို တရားစွဲမယ်ဆိုပြီးလည်း ခြိမ်းခြောက်တယ်၊ အခုတော့ ကျွန်တော့်တို့ ဆန္ဒပြဖို့ အစီအစဉ်မရှိပါဘူး၊ ခေါင်းဆောင်တွေကလည်း ထောင်ထဲမှာ၊ တချို့အလုပ်သမားတွေလည်း အလုပ်ထုတ်ခံရတယ်၊ လူတွေက ဘာမှ မလုပ်ရဲတော့ဘူး။"**
>
> *ဆန္ဒပြရာမှာ ပါဝင်ခဲ့သူ စက်ရုံ အလုပ်သမားတစ်ဦး၊ ဇွန်လ ၂၀၁၅။*

**ABOVE**
ရွှေပြည်သာစက်ရုံများမှ အလုပ်သမားအရေး လှုပ်ရှားသဖြင့် ထောင်ဒဏ်အပြစ်ပေးခံရသော ကိုနိုင်ဌေးလွင် (ဝဲ) နှင့် ကိုမျိုးမင်းမင်း (ယာ)
© ကိုယ်ပိုင်ဓာတ်ပုံ

**RIGHT**
ယူနီတီ အပတ်စဉ်စာစောင်မှ စည်သူစိုးအား ရုံးချိန်းတစ်ခုတွင် လက်ထိပ်နှင့် တွေ့ရစဉ်
© ကိုယ်ပိုင်ဓာတ်ပုံ

# ကိုရာဇာဦး၊ ကိုလူမော်နိုင်၊ ကိုပိုင်သက်ကျော်၊ ကိုစည်သူစိုး နှင့် ဦးတင့်ဆန်း ယူနီတီ ငါးဦး

အစိုးရရဲ့ လျှို့ဝှက် ဓာတုလက်နက်စက်ရုံဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ပုံနှိပ်ဖော်ပြခဲ့သည့်အတွက် ယူနီတီအပတ်စဉ်စာစောင်မှ ဝန်ထမ်းငါးဦး ပခုက္ကူထောင်မှာ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၇ နှစ် ကျခံနေရပါသည်။

စာစောင်ထဲတွင် ဆောင်းပါးပါလာအပြီး တစ်ပတ်အကြာ ၂၀၁၄ ခုနှစ် ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလတွေမှာ အဖမ်းခံခဲ့ကြရခြင်းဖြစ်သည်။ အစိုးရက ယင်းဆောင်းပါး မမှန်ကန်ဘူးဟု အမြန်ပဲ ငြင်းဆိုခဲ့ပြီး ဆောင်းပါးပါ စာစောင်တွေကိုလည်း တစ်နိုင်ငံလုံးမှာ လိုက်သိမ်းဆည်းခဲ့သည်။ နောက်ပိုင်းတွင် သူတို့ကို နိုင်ငံတော်လျှို့ဝှက်ချက် ပေါက်ကြားမှု၊ စက်ရုံအတွင်း ကန့်သတ်နေရာများကို ကျူးကျော်ဝင်ရောက်မှု၊ ဓာတ်ပုံရိုက်မှု၊ အားပေးကူညီမှုများဖြင့် တရားစွဲဆိုခဲ့ကြောင်း နိုင်ငံပိုင် သတင်းမီဒီယာတွေမှာ ဖော်ပြခဲ့ပါသည်။

၎င်းတို့အား ၂၀၁၄ ဇူလိုင်လတွင် ပခုက္ကူမြို့နယ်တရားရုံးက အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ဆယ်နှစ်စီချမှတ်ခဲ့ပြီး၊ အောက်တိုဘာလတွင် အယူခံကို လက်ခံပြီး ခုနစ်နှစ်အထိ လျှော့ပေါ့ပေးခဲ့သည်။

ယူနီတီစာစောင်မှ ဝန်ထမ်းများ ဖမ်းဆီးထောင်ချခံထားရချိန်တွင် စာစောင်ကိုလည်း ပိတ်လိုက်ရသည်။ ဤအချက်က မြန်မာနိုင်ငံတွင်း မီဒီယာလောကမှ လူများအနေနှင့် မိမိအလုပ်ကို ငြိမ်းချမ်းစွာ လုပ်နေရင်း ဖမ်းဆီးထောင်ချခံရမည်ကို ကြောက်ရွံ့စိုးရိမ်နေရကြောင်း သာဓက တစ်ခု ဖြစ်သည်။

> "မြန်မာနိုင်ငံမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေရဲ့ မိသားစုတွေဟာလည်း သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ၊ လူမှုရေး ဘဝတွေမှာ အနှောက်အယှက်ပေးခံရပါတယ်၊ အပြင်မှာ ကျန်ခဲ့တဲ့ ကျွန်တော့်မိသားစု အတွက် စိတ်ပူပါတယ်၊ သူတို့ရဲ့ စီးပွားရေး၊ အနာဂါတ်အတွက်လည်း စိုးရိမ်ပါတယ်။"

*ကိုလူမော်နိုင်၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ၊ ဇွန်လ ၂၀၁၅။*

> "အစိုးရဟာ သတင်းစာတစ်စောင်ရပ်သွားအောင် သတင်းသမားတွေကို ဖမ်းဆီး၊ တရားစွဲဆို ထောင်ချလို့ရချင်ရပါလိမ့်မယ်၊ သတင်းသမားတွေက ပြည်သူတွေဘက်က ရပ်ရမယ်ဆိုတဲ့ အသိကိုတော့ သူတို့ ဘယ်လိုမှ ပြောင်းလဲ နိုင်မှာ မဟုတ်ပါဘူး၊ အစိုးရက မီဒီယာကို ရန်သူလို့ မမြင်ပဲ စာနယ်ဇင်းလွတ်လပ်ခွင့်ကို တန်ဖိုးထားသင့်ပါတယ်။"

*ကိုစည်သူစိုး၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ၊ ဇွန်လ ၂၀၁၅။*






# ယုံကြည်ချက်ကြောင့်အကျဉ်းကျခံရသူများ

မြန်မာနိုင်ငံတွင်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူပေါင်း အနည်းဆုံး ၉၄ဦး ရှိနေသည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ယုံကြည်ပါသည်။ အမှန်တကယ် ဦးရေမှာ ယင်းအရေအတွက်ထက် ပိုများနိုင်ပါသည်။ အချို့မှာ အကျဉ်းထောင်အတွင်းရောက်နေကြပြီး အချို့မှာ အချုပ်အနှောင်ခံရင်း တရားရင်ဆိုင်နေကြရပါသည်။ ထိုသူများကို ခြွင်းချက်မရှိ ချက်ချင်း ပြန်လွှတ်ပေး ရပါမည်။

ဇော်ဝင်းမြင့ ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ရဲထွတ်လွင ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ရန်ပိုင်စိုး ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ရန်နောင်ဖြိုး ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ဝဏ္ဏစိုး ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ဝေယံထွန်း ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

သီဟဝင်းတင ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

သော်ဇင်ထွန်း ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

သန်းထိုက ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ဇဝင်း ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

တေဇာထွန်း ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ဆွေလင်းထွန်း ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

စိုးနိုင ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ဖြိုးဖြိုးအောင် မ
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

နန္ဒာစစ်အောင် ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ဖြူဖြူနိုင် မ
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

မွန်ရည်ကျော် မ
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ခိုင်မာငြိမ်း မ
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ဟန်နီဦး မ
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

အိသဉ္ဇာမောင မ
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

စံလွင်ဦး ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ဖြူဇင်အောင် ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ဖြိုးခနချစ်လင်းထိုက် ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ပြည့်ဖုန်းပိုင် ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ပြေလွင် ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

ငြိမ်းကျော်သ ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

မျိုးမြတ်စံ ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

၂၀၁၄ ခုနှစ် နိုဝင်ဘာလက
မဖြိုးဖြိုးအောင် (အလယ်) အား
အမျိုးသားပညာရေးဥပဒေကို
ကန့်ကွက်ဆန္ဒပြသူများနှင့်
အတူ တွေ့ရစဉ်
© ကိုယ်ပိုင်ဓာတ်ပုံ



**မျိုးထက်ပိုင်** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**မေတ္တာဦး** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**မြတ်စိုးဦး** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**မြကြီး** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**မိုးထက်နေ** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**မင်းသွေးသစ** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**မင်းမင်းဇော** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**မောင်မောင်သိန်း** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**မာနော** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**လွင်ကိုကိုအောင** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ကျော်စွာလင်း** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ကျော်ကျော်ထွန်း** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ကိုသိန်း** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ခင်မောင်ဝင်း** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ခန့်အောင်** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ဌေးနိုင်** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ထိန်လင်းအောင** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ဟိန်းဇော်ဝင်း** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ဘိုဘိုမျိုး** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**အောင်စည်သူ** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**အောင်မျိုးဦး** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**အောင်ချိုဦး** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**အောင်မြင့်ဟန** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**အောင်ကိုကို** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**အောင်ထက** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**အောင်မှိုင်းဆန်း** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**အောင်ချမ်းမင်း** ကျား
ဆန္ဒပြကျောင်းသူ၊ သာယာဝတီအကျဉ်းထောင်

**ထင်လင်းဦး** ကျား
ဘာသာသာသနာကို အကြည်ညိုပျက်စေမှု
စွဲချက်၊ မုံရွာအကျဉ်းထောင်

**နော်အုန်းလ** မ
ငြိမ်းချမ်းစွာ ဆန္ဒပြသူ၊ အင်းစိန်ထောင်

**စိန်ထွေး** မ
ငြိမ်းချမ်းစွာ ဆန္ဒပြသူ၊ အင်းစိန်ထောင်

**တင်ထွဋ်ပိုင်** ကျား
ငြိမ်းချမ်းစွာ ဆန္ဒပြသူ၊ အင်းစိန်ထောင်

**စန်းစန်းဝင်း** မ
ငြိမ်းချမ်းစွာ ဆန္ဒပြသူ၊ အင်းစိန်ထောင်

**သန်းရေ** ကျား
ငြိမ်းချမ်းစွာ ဆန္ဒပြသူ၊ အင်းစိန်ထောင်

**ထင်ကျော** ကျား
လူမှုရေး လှုံ့ဆော်၍ အစိုးရကို
ဆန့်ကျင်ဆန္ဒပြသူ၊ အင်းစိန်ထောင်

**နောင်နောင** ကျား
လူမှုရေး လှုံ့ဆော်၍ အစိုးရကို
ဆန့်ကျင်ဆန္ဒပြသူ၊ အင်းစိန်ထောင်

**သိန်းအောင်မြင့်** ကျား
ငြိမ်းချမ်းစွာ ဆန္ဒပြသူ၊ အိုးဘိုထောင်

**လူမော်နိုင်** ကျား
သတင်းထောက်၊ ပခုက္ကူထောင

**ရာဇာဦး** ကျား
သတင်းထောက်၊ ပခုက္ကူထောင်

**ပိုင်သက်ကျော်** ကျား
သတင်းထောက်၊ ပခုက္ကူထောင်

**စည်သူမိုး** ကျား
သတင်းထောက်၊ ပခုက္ကူထောင

**တင့်ဆန်း** ကျား
အပတ်စဉ်ဂျာနယ်တစ်ခု၏
အမှုဆောင်အရာရှိချုပ်၊ ပခုက္ကူထောင်

**မျိုးမင်းမင်း** ကျား
အလုပ်သမားအရေး လှုပ်ရှားသူ၊ အင်းစိန်ထောင်

**နိုင်ဌေးလွင** ကျား
အလုပ်သမားအရေး လှုပ်ရှားသူ၊ အင်းစိန်ထောင်

**နိုင်ဇော်ကြည်ဝင်း** ကျား
အလုပ်သမားအရေး လှုပ်ရှားသူ၊ အင်းစိန်ထောင်

**သူဇော်ကြည်ဝင်း** ကျား
အလုပ်သမားအရေး လှုပ်ရှားသူ၊ အင်းစိန်ထောင်

**ဇော်ဝင်း** ကျား
ရှေ့နေ၊ အိုးဘိုထောင

**ဝင်းလှိုင** ကျား
တစ်ကိုယ်တော် ဆန္ဒပြသူ၊ ပြည်ထောင

**မြင့်မြင့်အေး** ကျား
ဆန္ဒပြကျောင်းသား၊ အိုးဘိုထောင်

**အောင်ဆန်းဦး** ကျား
ဆန္ဒပြကျောင်းသား၊ အိုးဘိုထောင်

**ဂျစ်တူး** ကျား
ဂျစ်တူး ဆန္ဒပြကျောင်းသား၊ အိုးဘိုထောင

**ဉာဏ်လင်းထက်** ကျား
ဆန္ဒပြကျောင်းသား၊ အိုးဘိုထောင်

**ဇေယျာလွင်** ကျား
ဆန္ဒပြကျောင်းသား၊ အင်းစိန်ထောင

**ပိုင်ရဲသူ** ကျား
ဆန္ဒပြကျောင်းသား၊ အင်းစိန်ထောင

**ကျော်သန်းထွန်း** မ
ဆန္ဒပြကျောင်းသား၊ မြင်းခြံထောင်

**ကျော်သန်းထွန်း** ကျား
ဆန္ဒပြကျောင်းသား၊ မြင်းခြံထောင

**ဉာဏ်မြင့်သန်း** ကျား
ဆန္ဒပြကျောင်းသား၊ မြင်းခြံထောင

**စိန်ဝင်း** ကျား
ဆန္ဒပြကျောင်းသား၊ မြင်းခြံထောင်

**စည်သူမြတ** ကျား
ဆန္ဒပြကျောင်းသား၊ မြင်းခြံထောင်

**စိုးလှိုင်** ကျား
ဆန္ဒပြကျောင်းသား၊ မြင်းခြံထောင်

**သန့်ဇင်** ကျား
ဆန္ဒပြကျောင်းသား၊ မြင်းခြံထောင

**ဇင်ကိုသန့်** ကျား
ဆန္ဒပြကျောင်းသား၊ မြင်းခြံထောင

**ထွန်းသူရိန** ကျား
ဘာသာသာသနာကို အကြည်ညိုပျက်စေမှု
စွဲချက်၊ အင်းစိန်အကျဉ်းထောင

**ထွဋ်ကိုကိုလွင** ကျား
ဘာသာသာသနာကို အကြည်ညိုပျက်စေမှု
စွဲချက်၊ အင်းစိန်အကျဉ်းထောင်

**ဖိလစ် ဘလက်ဝုဒ** ကျား
ဘာသာသာသနာကို အကြည်ညိုပျက်စေမှု
စွဲချက်၊ အင်းစိန်အကျဉ်းထောင

# ကြောက်ရွံ့စိုးရိမ်မှုများ ရှိနေသော ပတ်ဝန်းကျင်အခြေအနေကို ဖန်တီးထိန်းသိမ်းထားခြင်း

## မိမိတို့၏ ရပိုင်ခွင့် အခွင့်အရေးများကို ကျင့်သုံးခြင်းအား အာဏာပိုင်များက ဖမ်းဆီးအရေးယူနိုင်ခြင်း၊ အရေးလည်း ယူနေခြင်းများသည် မြန်မာ့လူမှုအဖွဲ့အစည်းအတွင်း ကြောက်ရွံ့စိုးရိမ်စေသော ပတ်ဝန်းကျင်ကို ဖန်တီးထားစေပါသည်။

ဖမ်းဆီးခံရမည်ကို စိုးရိမ်ကြောက်လန့်နေရမှုများကို အာဏာပိုင်များက နေရာတိုင်းတွင် စောင့်ကြည့်နေခြင်း အနှောက်အယှက်ပေးခြင်းစသော နောက်ထပ်ခြိမ်းခြောက်မှု ပုံစံများဖြင့် ထပ်ဆောင်းအားဖြည့်ထားလိုက်သည်။ လှုပ်ရှားတက်ကြွသူများသည် နည်းမျိုးစုံဖြင့် စောင့်ကြည့်ခံကြရသည်၊ နောက်မှ တကောက်ကောက်လိုက်ခြင်း၊ အစည်းအဝေးများ ပွဲလမ်းများတက်ရောက်ချိန်တွင် ၎င်းတို့အား ဓာတ်ပုံရိုက်ယူခြင်း၊ နေအိမ်များနှင့် ရုံးခန်းများသို့ ညနက်ချိန်တွင် ဝင်ရောက်စစ်ဆေးခြင်း၊ မိသားစုဝင်များ၊ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များအား အနှောက်အယှက်ပေးခြင်း စသည်တို့ ကြုံရသည်။

> **"ဒါက တက်ကြွလှုပ်ရှားသူတွေကို အာဏာပိုင်တွေက အချက်ပြလိုက်တာပါ။ သူတို့မကြိုက်တာ တစ်ခုခုလုပ်မိရင် သူတို့က ကျွန်တော်တို့ကို ဖမ်းနိုင်မယ့် နည်းလမ်းရှာပြီး ဖမ်းလိုက်နိုင်ပါတယ်။"**
>
> *ကိုသက်ဆွေဝင်း၊ လူငယ်နှင့် လူမှုရေးစည်းလုံးညီညွတ်မှုဌာန ပူးတွဲတည်ထောင်သူ၊ ဇူလိုင်လ ၂၀၁၅။*

မပြတ်စောင့်ကြည့်ခံရမှုရှိနေချိန်တွင်၊ ဖိနှိပ်ချုပ်ခြယ်သော ဥပဒေဟောင်းများ ဆက်ရှိနေခြင်းနှင့် ဥပဒေအသစ်များ ထပ်ပြဌာန်းလာခြင်းတို့က မည်သူမဆို ၎င်းတို့၏ ငြိမ်းချမ်းသော လုပ်ဆောင်မှု များကိုပင်လျှင် အချိန်မရွေး ဖမ်းဆီးခံရနိုင်သည်ဆိုသော အကြောက်တရားကို အမြဲရှိနေစေသည်။

> **"သူတို့ ကျွန်တော်တို့ကို ဖမ်းချင်သည် ဖြစ်စေ၊ မဖမ်းချင်သည် ဖြစ်စေ၊ သူတို့လက်ထဲမှာပဲ ရှိတယ်၊ ကျွန်တော်တို့မှာ ဥပဒေကောင်းတွေမှ မရှိပဲ။"**
>
> *ကျောင်းသား လှုပ်ရှားတက်ကြွသူ တစ်ဦး၊ ဇူလိုင်လ ၂၀၁၅။*

> **"ဥပဒေစိုးမိုးရေးဆိုတာ မရှိဘူး၊ ဘယ်သူမဆို အချိန်မရွေး အဖမ်းခံရနိုင်တယ်။ နိုင်ငံရေးလှုပ်ရှားမှုတွေကို ဖိနှိပ်ဖို့ အာဏာပိုင်တွေသုံးတဲ့ ဥပဒေတွေက ပြောင်းမှ မပြောင်းသေးပဲ။"**
>
> *အောင်မျိုးကျော် - နိုင်ငံရေး အကျဉ်းသားဟောင်း၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့- အေအေပီပီဘီ အဖွဲ့ဝင်၊ ဇွန် ၂၀၁၅။*

**BELOW**
ပါလီမန်အတွင်း ရွေးချယ်ခံမဟုတ်သည့် စစ်သားများက နေရာ ၂၅ ရာခိုင်နှုန်းယူထားခြင်းကို ကန့်ကွက်ပွဲတစ်ခု ၂၀၁၅ ဇွန်လ ၃၀ ရက်နေ့က ရန်ကုန်တွင် ပြုလုပ်ရာ ဆန္ဒပြသူများအား ရဲများက တန်းစီတားဆီးထားစဉ်။ ရန်ကုန် ဇွန် ၂၀၁၅
© ရဲအောင်သူ/AFP/Getty Images

**RIGHT**
၂၀၁၄ ဇူလိုင်လ ၁၂ ရက်နေ့က သမ္မတဦးသိန်းစိန် မြန်မာငြိမ်းချမ်းရေးစင်တာသို့ လာရောက်စဉ် ဖမ်းဆီးခံ သတင်းသမားများအရေး ဆန္ဒပြနေကြသူများကို ဓာတ်ပုံရိုက်နေသော သတင်းထောက်တစ်ဦးကို ရဲများက ဝိုင်းထားစဉ်
© အီးပီအေ/လင်းဘိုဘို



# မြန်မာနိုင်ငံ၏ ဖိနှိပ်ချုပ်ခြယ်သော ဥပဒေဆိုင်ရာ မှုဘောင်များ

မြန်မာအာဏာပိုင်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းလုပ်ရှားခွင့်နှင့် စုဝေးခွင့် အခွင့်အရေးများကို ကန့်သတ်ရန် ဖိနှိပ်ချုပ်ခြယ်သည့်၊ စကားလုံးအတိအကျ မသတ်မှတ်ထားသည့် များပြားလှစွာသော ဥပဒေများကို အသုံးပြုခဲ့သည့် သမိုင်းကြောင်းအစဉ်အလာများ ရှိခဲ့သည်။ ယင်းကဲ့သို့သော ဥပဒေများဆက်ရှိနေသမျှ ငြိမ်းချမ်းစွာ တက်ကြွလှုပ်ရှားကြသော သူများသည်လည်း ဖမ်းဆီးခံရမည်ကို စိုးရိမ်ကြောက်ရွံ့နေကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အကျဉ်းထောင်များတွင်လည်း ယုံကြည်ချက်ကြောင့် ဖမ်းဆီးချုပ်နှောင်ခံရသူများနှင့် ဆက်ပြည့်နေဦးမည် ဖြစ်သည်။ အာဏာပိုင်များ အသုံးပြုလေ့ရှိသော ဥပဒေများမှာ -

## ၂၀၁၁ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေ

ဤဥပဒေကို မကြာမကြာ အသုံးပြု၍ ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ဖမ်းဆီး လေ့ရှိသည်။ ဤဥပဒေအရ ဆန္ဒပြလိုသူများက ခွင့်ပြုချက်ကို လျှောက်ထားရန်လိုအပ်ပြီး အာဏာပိုင်များကလည်း နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ဆဲဥပဒေများကို ထိပါးခြိမ်းခြောက်မှုရှိသည်ဟု ယူဆပါက ခွင့်ပြုချက်ကို ငြင်းပယ်နိုင်ခွင့်ပေးထားသည်။ ပုဒ်မ ၁၈ အရ ခွင့်ပြုချက်မရပဲ ဆန္ဒပြသူများသည် ခြောက်လအထိ ထောင်ဒဏ်ချမှတ်ခံရနိုင်ပြီး၊ ခွင့်ပြုချက်ရသော်လည်း သတ်မှတ်ထားသည့် အချက်များကို ဖောက်ဖျက်ပါက ပုဒ်မ ၁၉ အရ သုံးလအထိ ထောင်ဒဏ်ချမှတ်ခံရနိုင်ပါသည်။

## ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၃၊ ၁၄၅ နှင့် ၁၄၇

ဤပြဌာန်းချက်များအရ တရားမဝင်စုဝေးမှု တစ်ခုခုတွင်ပါဝင်သူ မည်သူမဆိုကို ဖမ်းဆီးနိုင်ပြီး ပြစ်ဒဏ်အဖြစ် ထောင်ခြောက်လမှ နှစ်နှစ်အထိ ချမှတ်နိုင်သည်။

## ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၅ (က)

ဘာသာသနာကို ညှိုးနွမ်းအောင်လုပ်ခြင်း၊ ဘာသာသာသနာကို ကိုးကွယ်ယုံကြည်သူတို့၏ စိတ်နလုံးကို ထိခိုက်အောင်လုပ်သည်ဟု စွပ်စွဲခံရသူများကို ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်နိုင်သည်။

## ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ)

အစိုးရကို ဝေဖန်သူများကို ဖမ်းဆီးရာတွင် အများဆုံးသုံးသော ဥပဒေဖြစ်သည်၊ ဤဥပဒေအရ နိုင်ငံတော်ကို ထိပါးနှောက်ယှက်ဖျက်ဆီးရန်၊ ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်ရန် လှုံ့ဆော်သူများကို နှစ်နှစ်အထိ ထောင်ဒဏ်ချနိုင်သည်။

## ၁၉၂၃ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေ

ပြင်ပကို ပေါက်ကြားပါက နိုင်ငံတော်၏ လုံခြုံရေးနှင့် အကျိုးစီးပွားကို ထိခိုက်စေနိုင်သော သတင်း၊ အချက်အလက်၊ မှတ်တမ်းများကို လက်ဝယ်ထားရှိခြင်း၊ ပိုင်ဆိုင်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း များသည် ဥပဒေကို ချိုးဖောက်ရာ ရောက်သည်။ ဤဥပဒေအရ မည်သည့် အချက်အလက်က နိုင်ငံတော် လျှို့ဝှက်ချက်ဆိုသည်ကို အစိုးရက အဓိပ္ပါယ်ဖွင့်ဆိုနိုင်သဖြင့် အစိုးရလက်ထဲတွင် ကျယ်ပြန့်သော လုပ်ပိုင်ခွင့်များပေးအပ်ထားပြီး၊ အချို့အချက်အလက်များကို အများပြည်သူ အကျိုးစီးပွားအတွက် ထုတ်ပြန်နိုင်ခွင့်ရှိသည် ဆိုသော ခွင့်ပြုချက်မျိုးကိုလည်း ပြဌာန်းပေးထားခြင်း မရှိပေ။




ဤဥပဒေပြဌာန်းချက်များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်များကို ဥပဒေနှင့် မညီသော ကန့်သတ်မှုများ လုပ်ပိုင်ခွင့်ပေးထားသဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ပြင်ဆင်ရမည် ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ပဋိညာဉ်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာ စာတမ်းတို့နှင့် အညီ လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် တာဝန်ရှိပါသည်။ လူ့အခွင့်အရေးကြေညာစာတန်းတွင် လူတိုင်းသည် လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာဖွင့်ဟပြောပြနိုင်ခွင့် အနှောက်အယှက် မရှိဘဲ လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့် ရှိသည်။ နိုင်ငံနယ် နိမိတ်များကို ထောက်ထားရန် မလိုဘဲ သတင်း အကြောင်းအရာနှင့် သဘောတရားများကို လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချိခွင့်တို့လည်း ပါဝင်သည်။ လွတ်လွတ်လပ်လပ် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ဖွဲ့စည်းလှုပ်ရှားခွင့် တို့လည်း ပါဝင်ပါသည်။

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ အထက်ပါအခွင့်အရေးများကို ကန့်သတ်မည်ဆိုလျှင် အလွန်ထူးခြားသော အခြေအနေတစ်ရပ်ရှိရမည် ဖြစ်ပြီး အောက်ပါ အချက်သုံးချက်နှင့် ကိုက်ညီမှ ပြုလုပ်ခွင့်ရှိသည်။

- ■ ဥပဒေအရ ခွင့်ပြုထားချက်ရှိရမည်။
- ■ ခွင့်ပြုနိုင်သော ရည်ရွယ်ချက်တစ်မျိုးမျိုးကြောင့်သာ ဖြစ်ရမည်၊ ဥပမာ - အခြားလူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်၊ အမျိုးသားလုံခြုံရေးနှင့် အများပြည်သူအွန္တရာယ်ကင်းရှင်းရေး၊ အများပြည်သူ၏ ကျန်းမာရေး နှင့် အများပြည်သူ၏ စိတ်ဓာတ် စာရိတ္တ မထိခိုက်ရေး စသည်များ။
- ■ ဤ ရည်မှန်းချက်များအတွက်သာ အမှန်တကယ် လိုအပ်သလောက်သာ ဖြစ်ရမည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် ငြိမ်းချမ်းစွာလှုပ်ရှားသူများအား ပြစ်ဒဏ်ချမှတ် စီရင်ခဲ့သော အထက်တွင် ဖော်ပြထားသည့် ဥပဒေများမှာ ဤ စံချိန်စံညွှန်းများနှင့် မကိုက်ညီကြောင်း ရှင်းရှင်းလင်းလင်းတွေ့ရပါသည်။



၂၀၁၃ ခုနှစ် မတ်လ ၁၃
ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်
ဆားလင်းကြီးမြို့နယ်သို့ရောက်အလာ
လက်ပန်တောင်းတောင် ကြေးနီစီမံကိန်းကို
ကန့်ကွက်ဆန္ဒပြနေသူများ
© ရိုက်တာ/စိုးဇေယျာထွန်း



# ပပြုပြင်လုပ်ဆောင်ရန် အချိန်ကိုက်အခွင့်အလမ်း

**လူ့အခွင့်အရေးကာကွယ်သူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ နှင့် အခြား အရပ်ဖက်အဖွဲ့ဝင်များကို ဆက်လက်ဖမ်းဆီး ထောင်ချမှုများကို ရပ်ဆိုင်းရပါမည်။**

အခုအချိန်သည် သမ္မတဦးသိန်းစိန်အနေဖြင့် မြန်မာနိုင်ငံရှိ ယုံကြည်ချက်ကြောင့် အကျဉ်းကျ ခံနေရသူ အားလုံးကို လွှတ်ပေးမည် ဆိုသည့် ကတိကို အပြီးသတ် အကောင်အထည် ဖော်ရမည့် အချိန်ဖြစ်ပါသည်။

မြန်မာ အာဏာပိုင်များသည် ပြင်ပဖိအားများကို ဂရုစိုက်တတ်ကြောင်း ယခင်အချိန်များက တွေ့ရှိခဲ့ရသည်။ နိုဝင်ဘာရွေးကောက်ပွဲများ မတိုင်ခင် မြန်မာနိုင်ငံအပေါ် အာရုံစိုက်မှုအများအပြားရှိနေချိန်သည် မြန်မာနိုင်ငံမှ ယုံကြည်ချက်ကြောင့် အကျဉ်းချခံထားရသူများ လွတ်မြောက်ရေးအတွက် လုပ်ဆောင်ပေးရန် နိုင်ငံတကာ အသိုင်းအဝိုင်းအား ဖန်တီးပေးနေပါသည်။ အကျဉ်းချခံထားရသူများကို မေ့မထားသင့်ပါ။ ဤသို့ မလုပ်နိုင်လျှင် အပြောင်းအလဲအတွက် အရေးပါသည့် အခွင့်အလမ်းတစ်ရပ် ဆုံးရှုံးသွားပြီး မြန်မာနိုင်ငံမှ လူ့အခွင့်အရေး အခြေအနေများ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ပေးမည် ဆိုသည့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ကတိကဝတ်အား လေးနက်စွာမေးခွန်းထုတ်လာမည် ဖြစ်သည်။

## စတင်လုပ်ဆောင်ဖို့ အချိန်

မြန်မာအာဏာပိုင်များ အနေနှင့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ အားလုံးကို ချွင်းချက်မရှိ ချက်ခြင်းလွှတ်ပေးရမည်။ ၎င်းတို့ လိုက်နာလုပ်ဆောင်လာစေရန်အတွက် မြန်မာနိုင်ငံအပေါ် ဩဇာအကြီးဆုံးရှိကြသော နိုင်ငအသိုင်းအဝိုင်း အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံနိုင်ငံ အစိုးရများက -

- ■ မြန်မာ သမ္မတအား ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ အားလုံးကို ချွင်းချက်မရှိ ချက်ခြင်းလွှတ်ပေးရန်၊ မိမိတို့၏ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ ရယူကျင့်သုံးယုံ သက်သက်ဖြင့် အကျဉ်းချခံရမည့် အခြေအနေနှင့်ရင်ဆိုင်နေရ သူများအား စွဲဆိုထားသော စွဲချက်များ အားလုံး ရုပ်သိမ်းပေးရန် အတိအလင်းတောင်းဆိုရန်။
- ■ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် စိတ်ပူပန်ကြောင်း နှစ်နိုင်ငံချင်းစီဆွေးနွေးပွဲများ၊ နိုင်ငံစုံ ဆွေးနွေးပွဲများနှင့် ၂၀၁၅ နိုဝင်ဘာတွင် ကျရောက်မည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် နိုင်ငံအလိုက်အလှည့်ကျ သုံးသပ်ချက်အား မြန်မာနိုင်ငံအပေါ်ပြုလုပ်မည့် အချိန်များတွင် ထုတ်ဖော်ပြောဆိုကြရန်

မြန်မာအစိုးရ အနေနှင့်:

- ■ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ အားလုံးကို ချွင်းချက်မရှိ ချက်ခြင်းလွှတ်ပေးရမည်။
- ■ မိမိတို့၏ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ ရယူကျင့်သုံးယုံ သက်သက်ဖြင့် အကျဉ်းချခံရမည့် အခြေအနေနှင့်ရင်ဆိုင်နေရသူများအား စွဲဆိုထားသော စွဲချက်များ အားလုံး ရုပ်သိမ်းပေးရမည်။
- ■ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စည်းရုံးလှုပ်ရှားခွင့်နှင့် စုဝေးခွင့် များကို ချိုးဖောက်သော ဥပဒေများ အားလုံးကို ပယ်ဖျက်ခြင်း ပြင်ဆင်ခြင်း ပြုလုပ်ရမည်။ အထူးအားဖြင့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေ၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄၃၊၁၄၅၊ ၁၄၇၊ ၂၉၅ (က) ၊ ၅၀၅ (ခ) နှင့် နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေ၊ ဤဥပဒေများ၊ ပြဋ္ဌာန်းချက်များသည် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ စံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိစေရမည်။

**Amnesty International** is a global movement of more than 7 million people who campaign for a world where human rights are enjoyed by all.

Our vision is for every person to enjoy all the rights enshrined in the Universal Declaration of Human Rights and other international human rights standards.

We are independent of any government, political ideology, economic interest or religion and are funded mainly by our membership and public donations.

**(မျက်နှာဖုံး IMAGE)** လက်ပံတန်းတရားရုံးသို့အသွား အချုပ်ကားထဲမှ ကျောင်းသားဆန္ဒပြသူများက မီသားစုဝင်များအား စကားပြောဆိုရန် ကြိုးစားနေပုံ၊ မတ်လ ၁၁ ရက်၊ ၂၀၁၅ © ရဲအောင်သူ/AFP/Getty Images

AMNESTY.ORG

Amnesty International, International Secretariat, Peter Benenson House, 1 Easton Street, London WC1X 0DW, United Kingdom

အညွှန်း- ASA ၁၆/၂၄၅၇/၂၀၁၅, English, ၈ အောက်တိုဘာ ၂၀၁၅

AMNESTY INTERNATIONAL